# တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့်
# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ တို့အကြား
# လေကြောင်းပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်

## နိဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (ဤစာချုပ်နှင့် ပတ်သက်၍ နောင်တွင် အဖွဲ့ဝင်နိုင်ငံများဟုခေါ်ဆိုမည်) တို့သည် ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ချီကာဂိုမြို့၌ လက်မှတ်ရေးထိုးခွင့်ရှိခဲ့သော အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းကွန်ဗင်းရှင်း သဘောတူစာချုပ်တွင် ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံအစိုးရများ ဖြစ်ကြသည့်အလျောက် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ မြို့ပြလေကြောင်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေလိုသည့်ဆန္ဒရှိကြသည့်အပြင် တစ်နိုင်ငံ၏နယ်မြေနှင့် တစ်နိုင်ငံ၏နယ်မြေ စပ်ကြားတွင်လည်းကောင်း၊ ယင်းနယ်မြေများကို ကျော်လွန်၍လည်းကောင်း၊ လေကြောင်း ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရန်အလို့ငှာ သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုသောဆန္ဒ လည်းရှိကြသဖြင့် အောက်ပါအတိုင်း သဘောတူညီကြပါသည်-

## အပိုဒ်- ၁
## အဓိပ္ပါယ်ဖော်ပြချက်

ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်အရ အခြားအဓိပ္ပါယ်ကောက်ယူရန် မလိုအပ်လျှင် ဤသဘောတူစာချုပ်ပါကိစ္စအလို့ငှာ-

(က) "လေကြောင်းပို့ဆောင်ရေးလုပ်ငန်း" ဆိုသည်မှာ အခကြေးငွေဖြင့် သို့မဟုတ် ငှားရမ်း၍ လေယာဉ်ဖြင့် ခရီးသည်များ၊ ခရီးသည်ဝန်စလှယ်များ၊ ကုန်စည်များနှင့် ချောထုပ်များကို သီးခြား သို့မဟုတ် တပေါင်းတည်း အများနှင့်ဆိုင်သော သယ်ယူပို့ဆောင်ပေးခြင်းကို ဆိုလိုသည်။

(ခ) "လေကြောင်းအာဏာပိုင်များ" ဆိုသည်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် ဖြစ်လျှင် တရုတ်မြို့ပြလေကြောင်းအထွေထွေအုပ်ချုပ်ရေးအဖွဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ဖြစ်လျှင် ပို့ဆောင်ရေးဝန်ကြီးဌာန၏ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ကိစ္စနှစ်ရပ်လုံးအတွက် ဖော်ပြပါအာဏာပိုင်များ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အာဏာအပ်နှင်းထားသည့် အခြားမည်သည့် အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်ကိုမဆို ဆိုလိုသည်။

(ဂ) "သဘောတူစာချုပ်" ဆိုသည်မှာ ဤသဘောတူစာချုပ်၊ ယင်း၏နောက်ဆက်တွဲများနှင့် ယင်းတို့ အား မည်သည့်ပြင်ဆင်ချက်များကိုမဆို ဆိုလိုသည်။

(ဃ) "တင်ဆောင်နိုင်စွမ်းရည်" ဆိုသည်မှာ (၁) လေယာဉ်တစ်စင်းနှင့် ပတ်သက်၍ ခရီးစဉ်တစ်ခုလုံး သို့မဟုတ် ခရီးစဉ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုတွင် ထိုလေယာဉ်တင်ဆောင်နိုင်သည့် ပမာဏ/အရေအတွက်ကို ဆိုလိုသည်။

(၂) လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခုနှင့် ပတ်သက်၍ အဆိုပါလုပ်ငန်းတွင် အသုံးပြုသည့် လေယာဉ်၏ တင်ဆောင်နိုင်စွမ်းရည်ကို သတ်မှတ်ထားသည့် အချိန်ကာလ တစ်ခုအတွင်း၌ ခရီးစဉ်တစ်ခုလုံး သို့မဟုတ် ခရီးစဉ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုတွင် အဆိုပါ လေယာဉ်က ပျံသန်းခဲ့သည့် ကြိမ်ရေဖြင့် မြှောက်၍ရသော ထိုလေယာဉ် တင်ဆောင်နိုင်သည့် ပမာဏ/အရေအတွက်ကို ဆိုလိုသည်။

(င) "ကွန်ဗင်းရှင်းသဘောတူစာချုပ်" ဆိုသည်မှာ ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခွင့်ရှိခဲ့သော အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းကွန်ဗင်းရှင်း သဘောတူ စာချုပ်ကို ဆိုလိုပြီးလျှင် ထိုကွန်ဗင်းရှင်းသဘောတူစာချုပ်၏ အပိုဒ် ၉၀ အရ အတည်ပြုထား သည့် နောက်ဆက်တွဲများနှင့် အပိုဒ် ၉၀ နှင့် ၉၄ တို့အရ နောက်ဆက်တွဲများ သို့မဟုတ် ကွန်ဗင်းရှင်းစာချုပ်ကို ပြင်ဆင်ချက်များကို ဆိုလိုပြီး ထိုနောက်ဆက်တွဲများနှင့် ပြင်ဆင်ချက်များ အပေါ် စာချုပ်ဝင်နှစ်နိုင်ငံလုံးအတွက် သက်ရောက်မှု ရှိရမည်။

(စ) "သတ်မှတ်လေကြောင်းလိုင်း" ဆိုသည်မှာ ဤစာချုပ်၏အပိုဒ် ၃ နှင့်အညီ သတ်မှတ် ခြင်းခံရကာ ခွင့်ပြုချက်ရယူထားသော လေကြောင်းလိုင်းတစ်လိုင်းကို ဆိုလိုသည်။

(ဆ) "ပြည်တွင်းလေကြောင်းပို့ဆောင်ရေး" ဆိုသည်မှာ ခရီးသည်များ၊ ခရီးသည်ဝန်စလှယ် များ၊ ကုန်စည်များနှင့် ချောထုပ်များကို နိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်းတွင် လေယာဉ်ဖြင့် တင်ဆောင်ပြီး ထိုနိုင်ငံ၏ နယ်မြေအတွင်းတွင်ရှိသော အခြားတစ်နေရာသို့ ပို့ဆောင်ပေးသည့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းဖြစ်သည်။

(ဇ) "အိုင်စီအေအို"ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ကို ဆိုလိုသည်။

(ဈ) "အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေး" ဆိုသည်မှာ ခရီးသည်များ၊ ခရီးသည် ဝန်စလှယ်များ၊ ကုန်စည်များနှင့် ချောထုပ်များကို နိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်းတွင် လေယာဉ်ဖြင့် တင်ဆောင်ပြီး အခြားတစ်နိုင်ငံသို့ ပို့ဆောင်ပေးသည့် လေကြောင်းပို့ဆောင်ရေး လုပ်ငန်းဖြစ်သည်။

(ည) "အဖွဲ့ဝင်"ဆိုသည်မှာ ဤစာချုပ်တွင် ပါဝင်ရန်နည်းလမ်းတကျ သဘောတူညီထားသော နိုင်ငံကို ဆိုလိုသည်။

(ဋ) "လေယာဉ်ခနှုန်းထားများ" ဆိုသည်မှာ လေကြောင်းလိုင်းများနှင့် ၎င်းတို့၏ ကိုယ်စား လှယ်များက ခရီးသည်များ၊ ခရီးသည်ဝန်စလှယ်များနှင့် ကုန်စည်များ (ချောစာထုပ်များမပါ) ကို လေကြောင်းပို့ဆောင်ရေးလုပ်ငန်းဖြင့် (ထိုလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားပို့ဆောင်ရေး စနစ်များ အပါအဝင်) သယ်ယူပို့ဆောင်ပေးခြင်းကြောင့် ကောက်ခံသည့် အခကြေးငွေများ၊ နှုန်းထားများ သို့မဟုတ် စည်းကြပ်ငွေများနှင့် ဤကဲ့သို့ အခကြေးငွေများ၊ နှုန်းထားများ သို့မဟုတ် စည်းကြပ်ငွေများ ရယူရန် စည်းကမ်းသတ်မှတ်ချက်များကို ဆိုလိုသည်။

(ဌ) "နယ်နမိတ်" ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံနှင့် ပတ်သက်၍ ထိုနိုင်ငံ၏အချုပ်အချာအာဏာ အောက်တွင်ရှိသော ကုန်းမြေအကျယ်အဝန်း ထိစပ်လျှက်ရှိသည့် ရေပြင်နယ်နမိတ်နှင့် ၎င်းတို့ အပေါ်ရှိ လေထုအကျယ်အဝန်းကို ဆိုလိုသည်။

(ဍ) "အသုံးပြုသူထံမှ ကောက်ခံငွေ" ဆိုသည်မှာ ဆောင်ရွက်ပိုင်ခွင့်ရှိသော အာဏာပိုင်များနှင့် ယင်းတို့က ဆောင်ရွက်ခွင့်ပြုထားသူများက လေယာဉ်၊ လေယာဉ်အမှုထမ်းများ၊ ခရီးသည်များနှင့် ကုန်စည်များအတွက် သက်ဆိုင်သောဝန်ဆောင်မှုများ၊ အထောက်အကူပြုမှုများ အပါအဝင် လေဆိပ်ပစ္စည်းများ သို့မဟုတ် အထောက်အကူပြုပစ္စည်းများ သို့မဟုတ် လေကြောင်းသွားလာမှု အထောက်အကူပြုပစ္စည်းများ သို့မဟုတ် လေကြောင်းလုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းများ ပြုလုပ်ထောက်ပံ့ထားခြင်းများအတွက် လေကြောင်းလိုင်းများသို့ စည်းကြပ်ငွေကို ဆိုလိုသည်။

(ပ) "လေကြောင်းပို့ဆောင်ရေးလုပ်ငန်း"၊ "အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးလုပ်ငန်း"၊ "လေကြောင်းလိုင်း"၊ "ခရီးသည်နှင့် ကုန်စည်တင်ဆောင်ရန် မဟုတ်သည့်ရပ်နားမှု" ဆိုသည့် စကားရပ်များသည် ကွန်ဗင်းရှင်းသဘောတူစာချုပ် အပိုဒ် ၉၆ တွင် သတ်မှတ်ထားသည့်အတိုင်း အသီးသီး အဓိပ္ပါယ်သက်ရောက်သည်။

## အပိုဒ်- ၂
## အခွင့်အရေးပေးအပ်ခြင်း

၁။ သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံအသီးသီးက အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအား ဤသဘောတူစာချုပ်တွင် အသေးစိတ်ဖော်ပြထားသော အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ခရီးစဉ်ဇယားတွင် အသေးစိတ်ဖော်ပြထားသော ခရီးစဉ်များ၌ ဆောင်ရွက်ရန် အလို့ငှာ အခွင့်အရေးပေးအပ်ရမည်။

၂။ ဤသဘောတူစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များကို မူတည်လျှက် စာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးမှ သတ်မှတ်ထားသော လေကြောင်းလိုင်း (များ) သည် အောက်ပါအခွင့်အရေးများကို ခံစားကြရမည်-

(က) ဆင်းသက်ခြင်းမပြုပဲ အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့မှ သတ်မှတ်ထားသော လေကြောင်းလမ်း (များ) တစ်လျှောက် အခြားစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်နမိတ်ကို ဖြတ်ကျော်ပျံသန်းပိုင်ခွင့်၊

(ခ) အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက် နှင့်အညီ ခရီးသည်နှင့် ကုန်စည်တင်ဆောင်ရန်မဟုတ်သည့်ကိစ္စအတွက် အခြားစာချုပ်အဖွဲ့ဝင်နိုင်ငံ ၏ နယ်နမိတ်အတွင်း ဆင်းသက်ရပ်နားပိုင်ခွင့်၊

(ဂ) အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်နမိတ်ရှိ ဤသဘောတူစာချုပ်ပါ ခရီးစဉ်ဇယားတွင် အသေးစိတ်ဖော်ပြထားသည့်ခရီးစဉ် (များ) ရှိ မြို့ (များ) တွင် နိုင်ငံတကာ ခရီးသည်များ၊ ကုန်စည်များ သို့မဟုတ် ချောထုပ်များကို သီးခြားသော်လည်းကောင်း သို့မဟုတ် တပေါင်းတည်းသော်လည်းကောင်း ပထမ

သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံမှ ခရီးစဉ်စတင်ရန်သော်လည်းကောင်း သို့မဟုတ် ထွက်ခွာရန်သော်လည်းကောင်း တင်ဆောင်ခြင်းနှင့် သယ်ချခြင်းပြုလုပ်ရန် ရပ်နားပိုင်ခွင့်၊

၃။ ဤသဘောတူစာချုပ်၏ အပိုဒ် ၃ အရ သတ်မှတ်ထားသော လေကြောင်းလိုင်းများအပြင် သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ လေကြောင်းလိုင်းများသည်လည်း ဤအပိုဒ်၏ စာပိုဒ် ၂(က) နှင့် (ခ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိကြရမည်။

၄။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်း (များ) အား အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်နမိတ်အတွင်းတွင် ခရီးသည်များ၊ ကုန်စည်များနှင့် ချောထုပ်များကို အခကြေးငွေရယူလျှက် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံနယ်နမိတ်ရှိ အခြားတစ်နေရာသို့ ပို့ဆောင်ရန် တင်ဆောင်နိုင်သည့် အခွင့်အရေးကို စာပိုဒ် ၂ ပါ မည်သည့် အချက်ကမျှ အပ်နှင်းထားသည်ဟု မမှတ်ယူရ။

## <u>အပိုဒ်- ၃</u>
## <u>သတ်မှတ်လေကြောင်းလိုင်းသတ်မှတ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း</u>

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ဤသဘောတူစာချုပ်နှင့်အညီ သဘောတူထားသော ခရီးစဉ်များကို ပျံသန်းရန် လေကြောင်းလိုင်းတစ်လိုင်း သို့မဟုတ် လေကြောင်းလိုင်းအများကို အခြားစာချုပ် အဖွဲ့ဝင်နိုင်ငံသို့ စာဖြင့် သတ်မှတ်လေကြောင်းလိုင်းအဖြစ် သတ်မှတ်ပိုင်ခွင့်နှင့် ဤသို့သတ်မှတ်လေကြောင်းလိုင်းအဖြစ် သတ်မှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းပိုင်ခွင့် သို့မဟုတ် ပြောင်းလဲပိုင်ခွင့်ရှိပါသည်။ ပျံသန်းခွင့်ပြုပေးခြင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုပေးခြင်းတို့အတွက် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဤသို့ သတ်မှတ်လေကြောင်းလိုင်းသတ်မှတ်ခြင်းနှင့် သတ်မှတ်လေကြောင်းလိုင်းမှ လျှောက်ထားလာမှုကို လက်ခံရရှိသောအခါ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ အသီးသီးက သင့်လျော်သည့်ပျံသန်းခွင့်ပြုမိန့်ကို လုပ်ငန်းစဉ်အရ ကြန့်ကြာမှုအနည်းဆုံးဖြင့် ခွင့်ပြုပေးရမည်ဟုဆိုရာတွင်-

(က) သတ်မှတ်လေကြောင်းလိုင်းအား ပိုင်ဆိုင်မှုအများစုနှင့် ထိရောက်သော ထိန်းသိမ်းကွပ်ကဲနိုင်မှုသည် သတ်မှတ်လေကြောင်းလိုင်းကို သတ်မှတ်သော သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ သို့မဟုတ် ထိုနိုင်ငံသားများ၏ လက်ဝယ်တွင်ရှိရမည်၊

(ခ) သတ်မှတ်လေကြောင်းလိုင်းသတ်မှတ်သည့် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံသည် အပိုဒ် ၇ နှင့် အပိုဒ် ၈ တို့တွင် ဖော်ပြထားသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီးလျှင်

(ဂ) သတ်မှတ်လေကြောင်းလိုင်းသည် လေကြောင်းလိုင်းသတ်မှတ်ခြင်းကို လက်ခံသည့် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံက အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးတွင် ပုံမှန်အားဖြင့် လိုက်နာရသည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ပြဋ္ဌာန်းထားသည့် အခြေအနေများနှင့် ညီညွတ်ရန် အရည်အချင်းရှိရမည်ဖြစ်သည်။

၃။ သတ်မှတ်လေကြောင်းလိုင်း တစ်လိုင်းသည် စာပိုဒ် ၂ ပါ ပျံသန်းခွင့်ပြုခြင်းကို လက်ခံရရှိသောအခါ ထိုသို့ပျံသန်းရန် သတ်မှတ်ထားသည့်အတွက် သဘောတူထားသည့် ခရီးစဉ်များကို မည်သည့်အချိန်တွင်မဆို စတင်နိုင်သည်ဟုဆိုရာ၌ လေကြောင်းလိုင်းသည် ဤသဘောတူစာချုပ်ပါ သက်ဆိုင်သော စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်။

## အပိုဒ်- ၄
## လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ထားခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းနှင့် ကန့်သတ်ခြင်း

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီး၏ လေကြောင်းအာဏာပိုင်အဖွဲ့များသည် အခြားသဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံမှ သတ်မှတ်လေကြောင်းအဖြစ် သတ်မှတ်ခံထားရသော လေကြောင်းလိုင်းနှင့် စပ်လျဉ်း၍ ဤသဘောတူစာချုပ်၏ အပိုဒ် ၃ အရ လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားခြင်းကို ဆိုင်းငံ့ထားပိုင်ခွင့်နှင့် ဤသို့လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းကို ယာယီ သို့မဟုတ် အမြဲတမ်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့် လျှော့ချပိုင်ခွင့် သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်ပိုင်ခွင့်ရှိသည်ဟု ဆိုရာတွင်-

(က) အဆိုပါသတ်မှတ်လေကြောင်းလိုင်းအား သတ်မှတ်လေကြောင်းလိုင်းအဖြစ် သတ်မှတ်သော သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံနှင့် ယင်း၏နိုင်ငံသားများက အများစုပိုင်ဆိုင်မှုနှင့် ထိရောက်သော ထိန်းသိမ်းကွပ်ကဲနိုင်မှုတို့အပေါ် ကျေနပ်မှုမရှိသည့်အခါ၊

(ခ) အပိုဒ် ၇ နှင့် အပိုဒ် ၈ တို့ပါ စည်းကမ်းသတ်မှတ်ချက်များက သတ်မှတ်လေကြောင်းလိုင်းကို သတ်မှတ်သောသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံမှ လိုက်နာရန် ပျက်ကွက်သည့်အခါ၊

(ဂ) ထိုသတ်မှတ်လေကြောင်းလိုင်းသည် သတ်မှတ်လေကြောင်းလိုင်း သတ်မှတ်ခြင်းကို လက်ခံသော သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံက အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးတွင် ပုံမှန်အားဖြင့် လိုက်နာနေသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ပြဋ္ဌာန်းထားသည့်အခြေအနေများနှင့် ညီညွတ်ရန် အရည်အချင်းမရှိသည့်အခါ၊

၂။ အထက်တွင်ဖော်ပြထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းများအား တားဆီးရန် အဓိကထားကာ အရေးယူဆောင်ရွက်မှုများ မပြုလုပ်ခဲ့လျှင် သို့မဟုတ် အပိုဒ် ၇ နှင့် အပိုဒ် ၈ တို့ပါ စည်းကမ်းသတ်မှတ်ချက်များအရ လေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်သောအရေးယူဆောင်ရွက်မှုများကို မပြုလုပ်ခဲ့လျှင် ဤအပိုဒ်၏ စာပိုဒ် ၁ ပါ အစဉ် လိုက်ဖော်ပြထားသော လုပ်ပိုင်ခွင့်များကို ဤသဘောတူစာချုပ်၏ အပိုဒ် ၁၉ နှင့်အညီ လေကြောင်းအာဏာပိုင်အဖွဲ့များ ဆွေးနွေးမှုများပြုလုပ်ပြီးသည့်အခါ ဆောင်ရွက်သွားရမည်။

အပိုဒ်- ၅

## ဥပဒေများနှင့် သက်ဆိုင်စေခြင်း (ညီညွတ်စေခြင်း)

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေသည့် လေယာဉ်တစ်စီး ထိုနိုင်ငံ၏နယ်နမိတ်သို့ ဝင်ရောက်ခြင်းနှင့် ထိုနိုင်ငံ၏ နယ်နမိတ်မှ ထွက်ခွာခြင်း သို့မဟုတ် အဆိုပါလေယာဉ်က ထိုနိုင်ငံ၏နယ်နမိတ်တွင်ရှိနေစဉ်အတွင်း ပျံသန်းခြင်းနှင့် လေကြောင်းလမ်းညွှန်မှုခံယူခြင်းတို့တွင် ကျင့်သုံးနေသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်းမှ လိုက်နာကျင့်သုံးရမည်။

၂။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ခရီးသည်များ၊ လေယာဉ်အမှုထမ်းများ၊ ဝန်စလှယ်များနှင့် ချောထုပ်များအပါအဝင် ကုန်စည်များပြည်ဝင်ခြင်း၊ ပြည်တွင်းတွင်ယာယီနေထိုင်ခြင်း၊ ထိုနယ်နမိတ်မှ ထွက်ခွာခြင်းများနှင့် သက်ဆိုင်သော ပြည်ဝင်ခွင့်ရှင်းလင်းခြင်း၊ လူဝင်မှု၊ နိုင်ငံကူးလက်မှတ်များ၊ အကောက်ခွန်၊ ငွေကြေးနှင့် ကျန်းမာရေး/ ကူးစက်ရောဂါများနှင့် သက်ဆိုင်သော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အခြားခရီးသည်များ၊ လေယာဉ်အမှုထမ်းများ၊ ဝန်စလှယ်များ၊ ကုန်စည်များနှင့် ချောထုပ်များကို သယ်ဆောင်လာသည့် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်း၏ လေယာဉ်သည် ထိုနယ်နမိတ်သို့ ဝင်ရောက်သည့်အခါ ရပ်နားသည့်အခါနှင့် ထွက်ခွာသည့်အခါ ကျင့်သုံးရမည်။

၃။ သဘောတူစာချုပ်အဖွဲ့ဝင်မည်သည့်နိုင်ငံကမှ ၎င်း၏လူဝင်မှု၊ အကောက်ခွန်၊ ကူးစက်ရောဂါနှင့် အလားတူကိစ္စများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရာတွင် အလားတူနိုင်ငံတကာ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့်စာချုပ်အဖွဲ့ဝင် အခြားနိုင်ငံ၏ လေကြောင်းလိုင်းကို ကျော်လွန်၍ ၎င်း၏ ကိုယ်ပိုင်လေကြောင်းလိုင်းများ သို့မဟုတ် အခြားလေကြောင်းလိုင်းများကို အထူးအခွင့်အရေးမပေးအပ်ရ။

၄။ ခရီးသည်များ၊ ဝန်စလှယ်များ၊ ကုန်စည်များနှင့် ချောထုပ်များ တိုက်ရိုက်တစ်ထောက်နားရပ်နားရာတွင် သာမန်ထိန်းသိမ်းကွပ်ကဲမှုထက် ကျော်လွန်၍ မဆောင်ရွက်ရ။

## အပိုဒ်- ၆
## သက်သေခံလက်မှတ်များကို အသိအမှတ်ပြုခြင်း

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ထုတ်ပြန်ပေးထားသော သို့မဟုတ် ခိုင်လုံစွာအပ်နှင်းထားကာ သက်ဝင်လျက်ရှိသည့် လေကြောင်းပျံသန်းမှု ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်သေခံလက်မှတ်များ၊ ကျွမ်းကျင်မှုဆိုင်ရာ သက်သေခံလက်မှတ်များနှင့် လိုင်စင်များကို သဘောတူထားသော ခရီးစဉ်များကို ပျံသန်းရန်အလို့ငှာ အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံက ခိုင်လုံစွာအသိအမှတ်ပြုရမည်ဆိုရာ၌ ထုတ်ပြန်ပေးထားသော သို့မဟုတ် ခိုင်လုံစွာအပ်နှင်းထားသော အဆိုပါ သက်သေခံလက်မှတ်များနှင့် လိုင်စင်များအတွက် လိုအပ်ချက်များသည် ကွန်ဗင်းရှင်းနှင့်အညီ သတ်မှတ်ထားသော အနည်းဆုံး စံချိန်စံညွှန်းနှင့် ကိုက်ညီရမည် သို့မဟုတ် သာလွန်ရမည်။

၂။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့က မည်သည့် လူဖုဂ္ဂိုလ် သို့မဟုတ် သတ်မှတ်လေကြောင်းလိုင်း သို့မဟုတ် သဘောတူထားသည့်ခရီးစဉ်ကို ပျံသန်းရန် အသုံးပြုသည့် လေယာဉ်နှင့် ပတ်သက်၍ အထက်စာပိုဒ် ၁ ပါ လိုင်စင်များ သို့မဟုတ် သက်သေခံလက်မှတ်များ၏ ရပိုင်ခွင့်များ သို့မဟုတ် အချက်အလက်များသည် အကယ်၍ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်က သတ်မှတ်ထားသည့် အနည်းဆုံး စံချိန်စံညွှန်းများနှင့် ကွဲလွဲခြားနားနေသော်လည်း ခွင့်ပြုပေးရမည်ဆိုရာ၌ အဆိုပါကွဲလွဲခြားနား ချက်များကို အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်တွင် မှတ်တမ်းတင်ထားပြီး ဖြစ်ရမည်ဖြစ်ပြီးလျှင် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံသည် ထိုမရှင်းလင်းသည့် လုပ်ထုံး လုပ်နည်းများကို ရှင်းလင်းစေလိုသည့်ဆန္ဒဖြင့် လေကြောင်းအာဏာပိုင်အဖွဲ့များကြား ညှိနှိုင်း ဆွေးနွေးရန် တောင်းဆိုနိုင်သည်။

၃။ သို့ဖြစ်စေကာမူ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် အခြားသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံက ယင်း၏နိုင်ငံသားများကို ခွင့်ပြုပေးထားသော ကျွမ်းကျင်မှုဆိုင်ရာ သက်သေခံ လက်မှတ်များနှင့် လိုင်စင်များကို ယင်းတို့၏ ပိုင်ဆိုင်သောနယ်နမိတ်အတွင်းတွင် ပျံသန်းခြင်း များ သို့မဟုတ် ဆင်းသက်ခြင်းတို့အတွက် အသိအမှတ်ပြုရန် ငြင်းပယ်နိုင်သည့် အခွင့်အရေး သီးသန့်ရှိရမည်။

## အပိုဒ်- ၇
## လေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းစေခြင်း

၁။ သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံအသီးသီးသည် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ လေကြောင်းပျံသန်းမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ လေယာဉ်အမှုထမ်းများနှင့် လေယာဉ်ပျံသန်းခြင်းဆိုင်ရာများနှင့် သက်ဆိုင်သောကဏ္ဍများအပေါ် ဘေးအန္တရာယ်ကင်းရှင်း စေရေးဆိုင်ရာ စံချိန်စံညွှန်းရပ်တည်ချက်နှင့် ပတ်သက်၍ မည်သည့်အချိန်တွင်မဆို တိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်ရန် တောင်းဆိုနိုင်သည်။ ဤကဲ့သို့ တိုင်ပင်ဆွေးနွေးမှုများကို ထိုသို့တောင်း ဆိုသည့်နေ့မှစ၍ ရက် (၃၀) အတွင်း ကျင်းပပြုလုပ်ရမည်။

၂။ အကယ်၍ ဤကဲ့သို့ တိုင်းပင်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် စာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် အခြားစာချုပ်အဖွဲ့ဝင်နိုင်ငံက အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းကွန်ဗင်းရှင်း (DOC 7300) နှင့်အညီ ထိုအချိန်က သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် စာပိုဒ် (၁) တွင် ဖော်ပြထားသည့်ကဏ္ဍများ၏ စံချိန်စံညွှန်းများကို ထိရောက်စွာပြည့်မီရန် ပြုလုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်နိုင်ကြောင်း တွေ့ရှိသည့်အခါ အခြားသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအား ဤသို့တွေ့ရှိချက်ကို အသိပေးရမည်ဖြစ်ပြီးလျှင် အပြည်ပြည်ဆိုင်ရာမြို့ပြ လေကြောင်း ကွန်ဗင်းရှင်း၏စံချိန်စံညွှန်းများနှင့် ညီညွတ်စေရန် လိုအပ်သော ဆုံးဖြတ်ထားသည် များကို အသိပေးရမည်။ ထို့နောက် သဘောတူစာချုပ်အဖွဲ့ဝင်အခြားနိုင်ငံသည် သဘောတူညီ ထားသော အချိန်ကာလတစ်ခုအတွင်းတွင် သင့်လျော်သည့် ပြုပြင်ခြင်းဆိုင်ရာ အရေးယူဆောင် ရွက်မှုများကို ပြုလုပ်ရမည်။

၃။ ကွန်ဗင်းရှင်း၏ အပိုဒ် (၁၆) နှင့်အညီ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လေကြောင်းလိုင်းကိုယ်စား သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံသို့သော်လည်းကောင်း အခြားနိုင်ငံမှ သော်လည်းကောင်း၊ ခရီးစဉ်များကို ပျံသန်းနေသည့် မည်သည့်လေယာဉ်မဆို သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံ၏ နယ်နမိတ်အတွင်းတွင်ရှိနေစဉ် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံက အခွင့်အာဏာအပ်နှင်းထားသော ကိုယ်စားလှယ်၏ ရှာဖွေစစ်ဆေးခြင်းကို ခံယူရမည်ကို ထပ်မံ၍သဘောတူညီကြသည်ဟု ဆိုရာတွင် ဤသို့ဆောင်ရွက်ခြင်းသည် လေယာဉ်ပျံသန်းခြင်းကို မလိုလားအပ်သော ကြန့်ကြာမှုများမဖြစ်ပေါ်စေရ။ ချီကာဂိုကွန်ဗင်းရှင်း၏ အပိုဒ် (၃၃) တွင် လုပ်ပိုင်ခွင့်တာဝန်ဝတ္တရားများကို ဖော်ပြထားသော်လည်း ဤသို့ရှာဖွေစစ်ဆေးရခြင်း၏ အကြောင်းရင်းသည် သက်ဆိုင်သော လေယာဉ်ပျံ၏ စာရွက်စာတမ်းများ၊ လေယာဉ်အမှုထမ်းများ၏ လိုင်စင်များ၏ သက်တမ်းရှိမှုနှင့် ထိုလေယာဉ်၏ စက်ပစ္စည်းကရိယာများ၊ လေယာဉ်၏အခြေအနေများသည် ထိုအချိန်က ကွန်ဗင်းရှင်းတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်တို့ကို စိစစ်ခြင်းဖြစ်သည်။

၄။ လေကြောင်းလိုင်းတစ်လိုင်း၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို သေချာမှုရှိစေရန်အတွက် အရေးတကြီးအရေးယူဆောင်ရွက်ရန် အဓိကဖြစ်သောအခါ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံတစ်နိုင်ငံ၏ လေကြောင်းလိုင်း သို့မဟုတ် လေကြောင်းလိုင်းများအား ပျံသန်းခွင့်ပြုပေးထားခြင်းကို အလျှင်အမြန်ဆိုင်းငံ့ထားခြင်း သို့မဟုတ် ပြောင်းလဲခြင်းများ ပြုလုပ်နိုင်ရန် အခွင့်အရေးများသီးသန့်ထားရှိရမည်။

၅။ အထက်စာပိုဒ် (၄)နှင့်အညီ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက မည်သည့်အရေးယူဆောင်ရွက်မှုကိုမဆို ထိုအရေးယူဆောင်ရွက်မှုများ၏ အခြေခံများသည် ဆက်လက်တည်ရှိရန် ရပ်စဲသွားသောအခါပြန်လည်ရုပ်သိမ်းရမည်။

၆။ စာပိုဒ် (၂) အရ သဘောတူသတ်မှတ်ထားသော အချိန်ကာလကုန်ဆုံးသွားသောအခါ အကယ်၍ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့၏ စံချိန်စံညွှန်းများကို လိုက်နာမှုမရှိခြင်း ဆက်လက်တည်ရှိနေမှုကို တွေ့ရှိရလျှင် ထိုအကြောင်းအရာကို အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အကြောင်းကြားရမည်။ အခြေအနေ၏ ဆက်လက်ဖြစ်ပေါ်သော ကျေနပ်ဖွယ်ရာများကိုလည်း နောင်တွင်အကြောင်းကြားရမည်။

## အပိုဒ်- ၈
## လေကြောင်းလုံခြုံရေး

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများနှင့် ညီညွတ်စွာ ဤသဘောတူစာချုပ်၏ တိုးချဲ့အပိုင်းအဖြစ် မြို့ပြလေကြောင်းလုံခြုံရေးကို ကာကွယ်ရန်အတွက် မတရားဝင်ရောက် နှောက်ယှက်မှုလုပ်ဆောင်ချက်များကို ဆန့်ကျင်ရန် ၎င်းတို့၏ တာဝန်ရှိမှုကို အသီးသီးအတည်ပြုကြသည်။ အပြည်ပြည်ဆိုင်ရာဥပဒေအရ ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ယေဘူယျအားဖြင့် ကန့်သတ်မထားရှိပဲ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ သီးခြားအက်ဥပဒေ

များသည် ၁၉၆၃ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ တွင် တိုကျိုမြို့၌ လက်မှတ်ရေးထိုးခဲ့သော "လေယာဉ်ပေါ်တွင် ကျူးလွန်သော တိုက်ခိုက်မှုများနှင့် အခြားလုပ်ဆောင်ချက်များဆိုင်ရာ ကွန်ဗင်းရှင်း "၊ ၁၉၇၀ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဟိတ်မြို့၌ လက်မှတ်ရေးထိုးခဲ့သော "မတရားလေယာဉ်ကို အပိုင်စီးမှုအား နှိမ်နင်းရေးဆိုင်ရာ ကွန်ဗင်းရှင်း "၊ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် မွန်ထရီရယ်မြို့၌ လက်မှတ်ရေးထိုးခဲ့သည့် "မြို့ပြလေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးကို ဆန့်ကျင်သော မတရားကျူးလွန်ခြင်းကို နှိမ်နင်းရေးဆိုင်ရာ ကွန်ဗင်းရှင်း"၊ ၎င်း၏ နောက်ဆက်တွဲဖြစ်သည့် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မွန်ထရီရယ်မြို့တွင် လက်မှတ်ရေးထိုးခဲ့သော "နိုင်ငံတကာမြို့ပြလေကြောင်းပို့ဆောင်ရေး အတွက် အသုံးပြုနေသော လေဆိပ်များတွင် အကြမ်းဖက် မတရားလုပ်ဆောင်ချက်ကို နှိမ်နင်းခြင်းဆိုင်ရာ ပရိုတိုကောကဲ့သို့ စာချုပ်အဖွဲ့ဝင်နှစ်နိုင်ငံလုံးမှ ပါဝင်လျက်ရှိသည့် မြို့ပြလေကြောင်းလုံခြုံရေးနှင့်သက်ဆိုင်သော အခြားကွန်ဗင်းရှင်းနှင့် ပရိုတိုကောများပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

၂။ မြို့ပြလေကြောင်းလေယာဉ်ကို အပိုင်စီးရန် လုပ်ဆောင်ချက်နှင့် ဤကဲ့သို့သော လေယာဉ်၊ ယင်း၏ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ၊ လေဆိပ်များနှင့် လေကြောင်းသွားလာမှု အထောက်အကူပြုပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆန့်ကျင်သော အခြားမတရားလုပ်ဆောင်ချက်များနှင့် မြို့ပြလေကြောင်းလုံခြုံရေးကို အခြားခြိမ်းခြောက်မှုများကို တားဆီးရန်အတွက် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လိုအပ်သောကူညီမှုအားလုံးကို တောင်းခံလာသည့်အခါ ပေးကမ်းရမည်။

၃။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့မှ ချမှတ်ထားသော လေကြောင်းလုံခြုံရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များနှင့် ကွန်ဗင်းရှင်း၏ သတ်မှတ်ထားသော နောက်ဆက်တွဲများနှင့် ကိုက်ညီစေရန် ထိုစံချိန်စံညွှန်းများနှင့် ထောက်ခံအတည်ပြုထားသော လုပ်ထုံးလုပ်နည်းများကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက ပိုမိုလိုက်နာရန် ဆောင်ရွက်ရာ၌ ၎င်းတို့နိုင်ငံတွင် မှတ်ပုံတင်ထားသည့်လေယာဉ်ဖြင့် ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် လေကြောင်းလိုင်းများ သို့မဟုတ် ၎င်းတို့၏ နယ်နမိတ်အတွင်းတွင် စီးပွားရေးအခြေချထားသော သို့မဟုတ် အမြဲတန်းလုပ်ငန်းတည်ရှိသည့် လေကြောင်းလိုင်းများနှင့် ၎င်းတို့၏ နယ်နမိတ်အတွင်း လေဆိပ်လုပ်ငန်းအဖွဲ့များသည် ဤလေကြောင်းလုံခြုံရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိရန် လုပ်ဆောင်မှုများတွင် နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆက်ဆံမှုများရှိရမည်။

၄။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ အဆိုပါလေကြောင်းလိုင်းများအနေဖြင့် ထိုအခြား သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်နမိတ်အတွင်းသို့ ဝင်ရောက်ရန်လည်းကောင်း၊ ထိုနယ်နမိတ်မှ ထွက်ခွာရန်လည်းကောင်း၊ ထိုနယ်နမိတ်အတွင်းတွင်ရှိနေစဉ်လည်းကောင်း၊ အထက်အပိုဒ် (၃) ပါ လေကြောင်းလုံခြုံရေးဆိုင်ရာစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရန် လိုအပ်ကြောင်းကို သဘောတူညီကြသည်။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ၎င်းတို့၏ နယ်နမိတ်အတွင်းတွင် လေယာဉ်ကိုကာကွယ်ရန်နှင့် တင်ချခြင်းမပြုလုပ်မီနှင့် ပြုလုပ်နေစဉ်အတွင်း ခရီးသည်များ၊ လေယာဉ်အမှုထမ်းများ၊ သယ်ဆောင်လာသည့် ပစ္စည်းများ၊ ဝန်စလှယ်များ၊ ကုန်စည်များနှင့် လေယာဉ်စတိုခန်းများကို စစ်ဆေးရာတွင် လုံလောက်သောဆောင်ရွက်မှုများကို

ထိရောက်စွာအသုံးချရမည်ကို သေချာမှုရှိစေရမည်။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီး သည် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံမှ သီးခြားခြိမ်းခြောက်မှုအတွက် သင့်လျော်သော လုံခြုံရေးအထူးဆောင်ရွက်မှု၏ မည်သည့်တောင်းခံမှုကိုမဆို ထောက်ထားညှာတာစွာ စဉ်းစား ဆောင်ရွက်ပေးရမည်။

၅။ မြို့ပြလေယာဉ်ကို မတရားအကြမ်းဖက်မှုဖြစ်စဉ်တစ်ခု သို့မဟုတ် ဖြစ်ပေါ်ရန် ခြိမ်းခြောက်မှု သို့မဟုတ် အဆိုပါလေယာဉ်၊ ယင်း၏ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ၊ လေဆိပ်များ သို့မဟုတ် လေကြောင်းသွားလာမှု အထောက်အကူပြုပစ္စည်းများ၏ လုံခြုံမှုကို ပျက်ပြားစေသည့် မတရားပြုမူ ဆောင်ရွက်မှုများဖြစ်ပေါ်လာသောအခါ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ဆက်သွယ်မှုပြုလုပ်၍သော်လည်းကောင်း၊ ထိုဖြစ်စဉ်နှင့် ခြိမ်း ခြောက်မှုများသည် လျင်မြန်စွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အဆုံးသတ်သွားစေရန်ကို ရည်ရွယ်၍ အခြားသင့်လျော်သည့် အရေးယူဆောင်ရွက်မှုကို ပြုလုပ်၍သော်လည်းကောင်း၊ တစ်နိုင်ငံကို တစ်နိုင်ငံ အပြန်လှန်ကူညီရမည်။

## အပိုဒ် - ၉
## အသုံးပြုသူထံမှ ကောက်ခံငွေများ

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်းအပေါ် ထိုသတ် မှတ်လေကြောင်းလိုင်းမှ လေဆိပ်၊ လေကြောင်းလမ်းနှင့် အခြားမြို့ပြလေကြောင်း အထောက် အကူပြုများကို အသုံးပြုခြင်းအတွက် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ တာဝန်ရှိသော ငွေကောက်ခံရေး အာဏာပိုင်များက သတ်မှတ်ထားသည့် ကောက်ခံငွေများသည် အဆိုပါ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံက အလားတူ လေယာဉ်နှင့်ဆက်စပ်အထောက်အကူပြုမှုများကို အသုံးပြု၍ အလားတူ အပြည်ပြည်ဆိုင်ရာပျံသန်းမှုကို ပြုလုပ်သည့် အခြားနိုင်ငံများ၏ သတ်မှတ်လေကြောင်းလိုင်းများအပေါ် ကောက်ခံရန် သတ်မှတ်ထားသည်များထက် မများစေရ။

၂။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် အသုံးပြုသူထံမှ ကောက်ခံငွေများအပေါ် သင့်တော်သော ငွေကောက်ခံရေးအာဏာပိုင်များနှင့် ထိုငွေကောက်ခံရေးအာဏာပိုင်များမှ ဝန် ဆောင်မှု ပေးထားသော ဝန်ဆောင်မှုများနှင့် အထောက်အကူပြုမှုများကို အသုံးပြုသည့် လေကြောင်းလိုင်းများအကြား ညှိနှိုင်းဆွေးနွေးမှုများကို အားပေးကူညီမှုများကို လက်တွေ့ကျစွာ ထိုလေကြောင်းလိုင်းများ၏ ကိုယ်စားလှယ်အဖွဲ့များမှ တစ်ဆင့် ဆောင်ရွက်ရမည်။ အသုံးပြုသူ ထံမှ ကောက်ခံငွေများ ကောက်ခံရန်အတွက် အဆိုပြုချက်များ၏ ကျိုးကြောင်းဆီလျော်သော ကြိုတင်အသိပေးခြင်းများကို ထိုသူများမှ ၎င်းတို့၏ ထင်မြင်ချက်များကို ကောက်ခံခြင်း မပြုလုပ်မီ ဖော်ပြနိုင်ရန်အတွက် ထိုအသုံးပြုသူများထံသို့ ပေးပို့ရမည်။ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ၎င်းတို့၏ သင့်တော်သော ငွေကောက်ခံရေးအာဏာပိုင်များနှင့် ထိုအသုံးပြုသူများကြား အသုံးပြုသူထံမှ ကောက်ခံငွေများနှင့် ပတ်သက်၍ ဆီလျော်သည့် သတင်းဖလှယ် မှုပြုလုပ်ရန် ထပ်မံ၍ အားပေးကူညီရမည်။

## အပိုဒ် - ၁၀
## အကောက်ခွန်များ

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ သတ်မှတ်လေကြောင်းလိုင်း၏ သဘောတူညီထားသော ခရီးစဉ်ကို ပျံသန်းသော လေယာဉ်တစ်စင်းသည် သဘောတူစာချုပ်ဝင်အခြားနိုင်ငံ၏ နယ်နမိတ်အတွင်း ရောက်ရှိသောအခါ ဖော်ပြပါလေယာဉ်နှင့် ယင်း၏ ပါမြဲကိရိယာတန်ဆာပလာများ (အင်ဂျင်စက်များအပါအဝင်) အပိုပစ္စည်းများ၊ လောင်စာဆီများ (ဟိုက်ဒရောလစ်အရည်များနှင့် ချောဆီများအပါအဝင်)၊ စက်ဆီများနှင့် (အစားအစာ၊ အဖျော်ယမကာနှင့် ဆေးလိပ်များအပါအဝင်) အဆိုပါ လေယာဉ်ပေါ်ပါရှိလာသည့် လေယာဉ်ရိက္ခာများအပေါ် အကောက်ခွန်များ၊ အခွန်အခများ၊ စစ်ဆေးခ၊ စည်းကြပ်ငွေများနှင့် အခြားအလားတူစည်းကြပ်ငွေများနှင့် ကောက်ခံငွေများ ကောက်ခံခြင်းကို အပြန်အလှန်မှုအရ ကင်းလွတ်ခွင့်ပြုရမည်ဟုဆိုရာ၌ ယင်းကရိယာတန်ဆာပလာများနှင့် ပစ္စည်းများသည် ယင်းတို့ကို ပြန်လည်တင်ပို့ခြင်းပြု လုပ်သည့်အချိန်ထိ လေယာဉ်ပေါ်၌ ထားမြဲထားရှိရမည်။

၂။ ဝန်ဆောင်မှုပေးခြင်းနှင့်သက်ဆိုင်သော ကောက်ခံငွေများမှလွဲ၍ အောက်ဖော်ပြပါကိရိယာတန်ဆာပလာများနှင့် ပစ္စည်းအပေါ်တွင်လည်း အကောက်ခွန်များ၊ အခွန်အခများ၊ စစ်ဆေးခ၊ စည်းကြပ်ငွေများနှင့် အခြားအလားတူစည်းကြပ်ငွေများနှင့် ကောက်ခံငွေများကောက်ခံခြင်းကို အပြန်အလှန်မှု အရ ကင်းလွတ်ခွင့်ပြုရမည်-

(က) သတ်မှတ်လေကြောင်းလိုင်းက သဘောတူထားသော ခရီးစဉ်တွင် ပျံသန်းနေသည့် လေယာဉ်ပေါ်တွင် အသုံးပြုရန် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံ၏ နယ်နမိတ်အတွင်းသို့ သယ်ဆောင်လာသည့် ပါမြဲကိရိယာတန်ဆာပလာ များ (အင်ဂျင်စက်များအပါအဝင်) အပိုပစ္စည်းများ၊ လောင်စာဆီများ (ဟိုက်ဒရောလစ်အရည်များနှင့် ချောဆီများအပါအဝင်)၊ စက်ဆီများနှင့် (အစားအစာ၊ အဖျော်ယမကာနှင့် ဆေးလိပ်များအပါအဝင်) လေယာဉ်ရိက္ခာများ၊ အခြားသဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ နယ်နမိတ်ပေါ်တွင် ခရီးစဉ်၏ အစိတ်အပိုင်းအဖြစ် ပျံသန်းသောအခါ အသုံးပြုမည့် အဆိုပါ ကရိယာတန်ဆာပလာများနှင့် ပစ္စည်းများ၊

(ခ) သတ်မှတ်လေကြောင်းလိုင်းမှ သဘောတူထားသော ခရီးစဉ်များကို ပျံသန်းနေသည့် လေယာဉ်အား ကြီးကြပ်မှုပြုလုပ်ရန် သို့မဟုတ် ပြင်ဆင်ရန် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံ၏ နယ်နမိတ်အတွင်းသို့ သယ်ဆောင်လာသည့် အင်ဂျင်စက်များအပါအဝင် အပိုပစ္စည်းများ၊

၃။ ဤအပိုဒ်၏ စာပိုဒ် (၁) နှင့် (၂) တို့တွင် ရည်ညွှန်းထားသော ကရိယာတန်ဆာပလာများနှင့် ပစ္စည်းများကို အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်နမိတ်အတွင်းတွင် လေယာဉ်ပေါ်မှသယ်ချနိုင်သည်။ အဆိုပါ ကရိယာတန်ဆာပလာများနှင့် ပစ္စည်းများသည် ပြန်လည်တင်ပို့သည့်အချိန်ထိ သို့မဟုတ် အခြားတနည်းအားဖြင့် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ အကောက်ခွန်လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ နေရာချ

စီစဉ်သည့်အချိန်ထိ အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင်များ၏ ကြီးကြပ်မှု သို့မဟုတ် ကွပ်ကဲမှုအောက်တွင်ရှိရမည်။

၄။ ဤအပိုဒ်၏ စာပိုဒ် (၁) နှင့် (၂) တို့အတွက် ပေးအပ်ထားသော ကင်းလွတ်ခွင့်များသည် အခြား သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်းအနေဖြင့် ဤအပိုဒ်၏ စာပိုဒ် (၁) နှင့် (၂) တို့တွင် သတ်မှတ်ထားသည့် ကရိယာတန်ဆာပလာနှင့် ပစ္စည်းများကို အခြားသဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံ၏ နယ်နမိတ်အတွင်းတွင် ပြန်ငှားခြင်း၊ လွှဲပြောင်းပေးခြင်း ပြုလုပ်ရန်အတွက် အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအတွင်း ဤကင်းလွတ်ခွင့်များကို အလားတူစွာ ခံစားနေသည့်အခြား လေကြောင်းလိုင်း (များ) နှင့် သဘောတူညီမှုများရယူထားသည့်အခါတွင်လည်း အကျုံးဝင်စေရမည်။

၅။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်းများမှ အခြား သဘော တူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်နမိတ်အတွင်းသို့ သယ်ဆောင်လာသောရောင်းချရန် ပုံနှိပ်ထားသည့် လေယာဉ်လက်မှတ်များ၊ ကုန်စည်ဝန်စလှယ်များအတွက် အသုံးပြုရန် ကဒ်ပြားများနှင့် ကြော်ငြာပစ္စည်း များသည်လည်း အကောက်ခွန်များ၊ အခွန်အခများ၊ စစ်ဆေးခစည်းကြပ်ငွေများနှင့် အခြားအလားတူ စည်းကြပ်ငွေများ နှင့် ကောက်ခံငွေများ ကောက်ခံခြင်းမှ အပြန်အလှန်မှုအရ ကင်းလွတ်ခွင့်ရှိစေရမည်။

၆။ ဝန်စလှယ်များ၊ ကုန်စည်များနှင့် တိုက်ရိုက်တစ်ထောက်နားသော ချောထုပ်များသည်လည်း ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းမှ သက်ဆိုင်သည့် အခွန်ကောက်ခံငွေများမှ လွဲ၍ အကောက်ခွန်များ၊ အခွန်အခများ၊ စစ်ဆေးခ၊ စည်းကြပ်ငွေများနှင့် အခြားအလားတူ စည်းကြပ်ငွေများနှင့် ကောက်ခံငွေများ ကောက်ခံခြင်းမှ အပြန်အလှန်မှုအရ ကင်းလွတ်ခွင့်ရှိစေရမည်။

## အပိုဒ် - ၁၁
## တရားမျှတစွာယှဉ်ပြိုင်ခြင်း

သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည်-

(က) သတ်မှတ်လေကြောင်းလိုင်းအသီးသီးက သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသော အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်ကြရာတွင် ယှဉ်ပြိုင်ရန် တူညီမျှတစွာ အခွင့်အရေးများရှိကြရမည်နှင့်

(ခ) အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ သတ်မှတ်လေကြောင်းလိုင်းတစ်ခု၏ ယှဉ်ပြိုင်မှုအနေအထားကို ပြောင်းပြန်အကျိုးသက်ရောက်နိုင်သော ခွဲခွဲခြားခြား ပြုလုပ်မှုပုံစံအားလုံး သို့မဟုတ် မျှတမှုမရှိသော ယှဉ်ပြိုင်မှုအလေ့အထများကို ဖယ်ရှားရေးအတွက် အရေးယူဆောင်ရွက်မှု ပြုလုပ်ရန်-

တို့ကို သဘောတူညီကြသည်။

## အပိုဒ် - ၁၂
## တင်ဆောင်နိုင်စွမ်းရည်

၁။ ခရီးစဉ်ပျံသန်းမှုများမစတင်မီနှင့် ထိုသို့စတင်ပြီးနောက် ကြိုတင်မျှော်မှန်းထားသည့် ခရီးသွားလိုအား လိုအပ်ချက်များအရ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ သတ်မှတ်လေ ကြောင်းလိုင်းများက သဘောတူထားသောခရီးစဉ်များတွင် စုစုပေါင်းတင်ဆောင်နိုင်စွမ်းရည်ကို သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံများအကြား သဘောတူညီမှုရရှိထားကြရမည် သို့မဟုတ် ခွင့်ပြု ထားကြရမည်။

၂။ သဘောတူထားသည့် ခရီးစဉ်များကို ပျံသန်းမည့် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ သတ်မှတ်လေကြောင်းလိုင်းများတွင် သဘောတူစာချုပ်အဖွဲ့ဝင်နှစ်နိုင်ငံ၏ နယ်နမိတ်များအကြား ခရီးသွားလိုအား လိုအပ်ချက်များကို ပြည့်မီစေရန် လုံလောက်သော တင်ဆောင်နိုင်စွမ်းရည်၏ ကျိုးကြောင်းဆီလျော်သော ဝန်တင်အားဖြင့် ဖြည့်ဆည်းပေးရန်ကို ၎င်းတို့၏ မူလရည်မှန်းချက် ကဲ့သို့ထားရှိ ကြရမည်။

၃။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ညီတူညီမျှနှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ် ထွန်းစေရေးအလို့ငှာ ယင်းတို့၏ သက်ဆိုင်သော နယ်နမိတ်များအကြား သဘောတူထားသော ခရီးစဉ်များကို သဘောတူစာချုပ်အဖွဲ့ဝင်နှစ်နိုင်ငံလုံးမှ သတ်မှတ်လေကြောင်းလိုင်းများက ပျံသန်းရန်အတွက် တရားမျှတစွာနှင့် ညီတူညီမျှဖြစ်သော အခွင့်အရေးကို ခွင့်ပြုပေးရမည်။

၄။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးနှင့် ၎င်းတို့၏ သတ်မှတ်လေကြောင်း လိုင်းများသည် နောင်တွင်ပျံသန်းမည့် ခရီးစဉ်များကို မလျော်မကန်ထိခိုက်မှုမရှိလျှင် သဘောတူ စာချုပ်အဖွဲ့ဝင်အခြားနိုင်ငံများနှင့် ၎င်း၏သတ်မှတ် လေကြောင်းလိုင်းများ၏ အကျိုးကို ထောက် ထားရမည်။

၅။ အကယ်၍ပြန်လည်သုံးသပ်ရာ၌ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် သဘောတူ ထားသော ခရီးစဉ်များတွင် တင်ဆောင်နိုင်စွမ်းရည်သတ်မှတ်ရန် သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံများ၏ သတ်မှတ်လေကြောင်းလိုင်းများကလည်း သတ်မှတ်သဘောတူညီထားသော စုစု ပေါင်းတင်ဆောင်နိုင်စွမ်းရည်ထက် မများစွာ သတ်မှတ်နိုင်သည်။

## အပိုဒ် - ၁၃
## လေယာဉ်ခနှုန်းထားများ

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်း သို့မဟုတ် လေကြောင်းလိုင်းများမှ ဤသဘောတူစာချုပ်ပါ ခရီးစဉ်များအတွက် အသုံးပြုသည့် လေယာဉ်ခ နှုန်းထားများသည် အသုံးပြုသူ၏ အကျိုးများ၊ ပျံသန်းခြင်း၏ ကုန်ကျစရိတ်၊ ဝန်ဆောင်မှု၏ ထူးခြားချက်များ၊ သင့်တင့်လျောက်ပတ်သောအမြတ်အစွန်း၊ အခြားလေကြောင်းလိုင်းများ၏ လေယာဉ်ခနှုန်းထားများနှင့် ဈေးကွက်တည်ရှိရာနေရာတွင် အခြားစီးပွားရေးအရ ထောက်ထား စရာများ ပါဝင်လျက်ရှိသော သက်ဆိုင်ရာအကြောင်းအချက်များကို ထိုက်သင့်သည့်အားလျော်စွာ ထောက်ရှုလျက် သတ်မှတ်ရမည်။

၂။ လေယာဉ်ခနွန်းထားများကို ဖြစ်နိုင်လျှင် သဘောတူစာချုပ်ဝင်နိုင်ငံများ၏ သက်ဆိုင်ရာ သတ်မှတ်လေကြောင်းလိုင်းများက လိုအပ်၍ ၄င်းတို့၏ သက်ဆိုင်ရာအစိုးရများနှင့် ဆွေးနွေးပြီးသည့်အခါနှင့် အကယ်၍ သက်ဆိုင်ပါက အခြားလေကြောင်းလိုင်းများနှင့် တိုင်ပင်ညှိနှိုင်းပြီးသည့်အခါ သဘောတူသတ်မှတ်နိုင်သည်။

၃။ သဘောတူစာချုပ်အဖွဲ့ဝင် နှစ်နိုင်ငံလုံး၏ သတ်မှတ်လေကြောင်းလိုင်း (များ) က ၄င်းတို့၏ နယ်နမိတ်သို့ (သို့မဟုတ်) မှ သယ်ဆောင်ပေးခြင်းအတွက် အဆိုပြုထားသည့် လေယာဉ်ခနွန်းထားများကို သဘောတူစာချုပ်ဝင်နိုင်ငံအသီးသီးသို့ အကြောင်းကြားရန် သို့မဟုတ် တင်ပြရန် လိုအပ်သည်။ ဤသို့အကြောင်းကြားခြင်း သို့မဟုတ် တင်ပြခြင်းများသည် အဆိုပြုထားသည့် စတင်မည့်နေ့ရက် မတိုင်မီ ရက်(၆၀) ထက် မကျော်လွန်ရန် လိုအပ်သည်။ အထူးကိစ္စရပ်များအနေဖြင့် ဤအချိန်ကာလကို လျှော့ချနိုင်သည်။

၄။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ သတ်မှတ်လေကြောင်းလိုင်းများက ၄င်းတို့၏ နယ်နမိတ်များအကြား သယ်ယူပို့ဆောင်ပေးခြင်းအတွက် ကောက်ခံမည့် လေယာဉ်ခနွန်းထားများသည် သဘောတူစာချုပ်အဖွဲ့ဝင် နှစ်နိုင်ငံလုံးမှ ခွင့်ပြုချက်ရှိရမည်။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်းက သဘောတူစာချုပ်ဝင် အခြားတစ်နိုင်ငံ၏ နယ်နမိတ်နှင့် တတိယနိုင်ငံတစ်ခုအကြား ဤသဘောတူစာချုပ်ပါ ခရီးစဉ်များတွင် သယ်ယူပို့ဆောင်ပေးခြင်းအတွက် ကောက်ခံမည့် လေယာဉ်ခနွန်းထားများသည် သဘောတူစာချုပ်အဖွဲ့ဝင်အခြားနိုင်ငံ၏ လိုအပ်သောခွင့်ပြုချက်ရှိရမည်။

၅။ အထက်အပိုဒ် (၄) ပါ သတ်မှတ်ချက်များအရ လေယာဉ်ခနွန်းထားများ ခွင့်ပြုခြင်းကို လေယာဉ်ခနွန်းထားများတင်ပြသည့် လေကြောင်းလိုင်း (များ) သို့ သဘောတူစာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက တိကျသေချာစွာ ပေးအပ်ရမည်။ သို့ရာတွင် အကယ်၍ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံက စာရေးသား၍ သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံနှင့် သို့မဟုတ် သက်ဆိုင်ရာလေကြောင်းလိုင်း (များ) သို့ အခြားသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ လေကြောင်းလိုင်း (များ) ၏ ဤလေယာဉ်ခနွန်းထားများကို ခွင့်မပြုကြောင်း အကြောင်းကြားခြင်းကို လေယာဉ်ခနွန်းထားများ တင်ပြသည့်နေ့မှစ၍ (၄၅) ရက် အတွင်းပေးအပ်ခြင်း မပြုလုပ်ခဲ့လျှင် သက်ဆိုင်ရာလေယာဉ်ခနွန်းထားများကို ခွင့်ပြုသည်ဟု မှတ်ယူရမည်။ စာပိုဒ် (၃) နှင့် အညီ တင်ပြရခြင်း၏ အချိန်ကာလကို လျှော့ချမှုဖြစ်ပေါ်သောအခါ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများသည် ခွင့်မပြုနိုင်ကြောင်း ပြန်ကြားမည့်အချိန်ကာလကိုလည်း လျှော့ချရန် သဘောတူညီကြရမည်။ အောက်စာပိုဒ် (၆) ပါ သတ်မှတ်ချက်မှအပ အကယ်၍ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ သဘောမတူကြောင်း အကြောင်းကြားခဲ့လျှင် လေယာဉ်ခနွန်းထားများသည် သက်ဝင်လာလိမ့်မည်မဟုတ်။

၆။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ခွင့်မပြုနိုင်ကြောင်း အကြောင်းကြားထားခဲ့သည့် သက်ဆိုင်ရာလေယာဉ်ခနွန်းထားများအပါအဝင် လေကြောင်းလိုင်းတစ်လိုင်း၏ မည်သည့်လေယာဉ်ခနွန်းထားများနှင့် မဆို သက်ဆိုင်သော ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် တောင်းဆိုနိုင်သည်။ ဤညှိနှိုင်းဆွေးနွေးမှုများကို တောင်းဆိုသူအား လက်ခံရရှိသည့်နေ့မှစ၍ ရက် (၃၀) ထက် နောက်မကျစေဘဲ ကျင်းပရမည်။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အကြောင်း

အရာများ၏ ဆီလျော်သော ဆုံးဖြတ်ချက်များအတွက် လိုအပ်သော သတင်းအချက်အလက် လုံခြုံရေးအပေါ် ပူးပေါင်းဆောင်ရွက်မှုရှိရမည်။ အကယ်၍ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများမှ သဘောတူညီမှု ရရှိခဲ့လျှင် သဘောတူစာချုပ်ဝင် နိုင်ငံအသီးသီးသည် ထိုသဘောတူညီချက် သက်ဝင်စေရန် အစွမ်းကုန်ကြိုးစားအားထုတ် ကြရမည်။ အကယ်၍ သဘောတူညီမှု မရခဲ့လျှင် လေယာဉ်ခန့်မှန်းထားများကို ခွင့်မပြုသည့် မည်သည့် ဆုံးဖြတ်ချက်မဆို လွှမ်းမိုးမှုရှိရမည်။

၇။ အကယ်၍ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများမှ စာပိုဒ် (၄) တွင် ဖော်ပြထားသည့် လေယာဉ်ခန့်မှန်းထားများနှင့် သက်ဆိုင်သည့် အကြောင်းအရာတစ်ရပ်ကို မဖြေရှင်းနိုင်ပါက အငြင်းပွားမှုကို ဤသဘောတူစာချုပ်၏ အပိုဒ် (၂၀) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်း သွားရမည်။

၈။ ဤအပိုဒ်၏ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသော လေယာဉ်ခန့်မှန်းထားများ သည် သက်ဆိုင်ရာလေကြောင်းလိုင်း(များ)မှ ပြန်လည် ရုပ်သိမ်းခြင်း မပြုလုပ်လျှင် သို့မဟုတ် လေယာဉ်ခန့်မှန်းထားအသစ်ကို ခွင့်ပြုသည်ထိ သက်ဝင်မြဲရှိနေရမည်။

## <u>အပိုဒ် - ၁၄</u>
## <u>ဝင်ငွေလွှဲပြောင်းပေးပို့ခြင်း</u>

၁။ သတ်မှတ်လေကြောင်းလိုင်းအသီးသီးတွင် ဒေသတွင်းကုန်ကျငွေစုစုပေါင်းထက် ဒေသ ဝင်ငွေများ ပိုလျှံမှုဖြစ်ပေါ်သောအခါ ငွေလဲလှယ်ရန်နှင့် ငွေလွှဲပြောင်းပေးပို့ရန် အခွင့်အရေးရှိ ရမည်။ ငွေလဲလှယ်ခြင်းနှင့် ငွေလွှဲပြောင်းပေးပို့ခြင်းများကို ငွေလွှဲပြောင်းပေးပို့သည့် နေ့ရက် တွင် အကျုံးဝင်လျက်ရှိသော တရားဝင်ငွေလဲလှယ်မှုနှုန်းထားဖြင့် ခွင့်ပြုရမည်ဖြစ်ပြီးလျှင် ဤသို့ ငွေလဲလှယ်ခြင်းနှင့် လွှဲပြောင်းပေးပို့ခြင်းများကို ဆောင်ရွက်ပေးမှုကြောင့် ဘဏ်များမှ ပုံမှန် ကောက်ခံငွေများမှ လွဲ၍ မည်သည့်ကောက်ခံမှုများနှင့်မျှ မသက်ဆိုင်စေရ။ ဤသို့ငွေလွှဲပြောင်း ပေးပို့ခြင်းသည် ထိုသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်မှု ကြီးကြပ်ကွပ်ကဲရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိစေရမည်။

## <u>အပိုဒ် - ၁၅</u>
## <u>ကိုယ်စားလှယ်ထားရှိခြင်း</u>

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်းကို အပြန် အလှန်မူအရ သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံ၏ ပြည်ဝင်ရန်၊ ပြည်တွင်း နေထိုင်ရန်နှင့် အလုပ်လုပ်ကိုင်ရန်နှင့် သက်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းတို့၏ ကိုယ် စားလှယ်များနှင့် သဘောတူထားသည့် ခရီးစဉ်များကို ပျံသန်းရန်နှင့်ပတ်သက်၍ လိုအပ်သော စီးပွားရေး၊ ပျံသန်းရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဝန်ထမ်းများကို သဘောတူစာချုပ်အဖွဲ့ဝင် အခြား နိုင်ငံ၏ နယ်နမိတ်တွင်းသို့ ခေါ်ဆောင်နေရာချရန် ခွင့်ပြုပေးရမည်။ ထိုဝန်ထမ်းများကို လိုအပ် သလို စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံလုံး၏ နိုင်ငံသားများထဲမှ ရွေးချယ် ရမည်။

၂။ ထိုဝန်ထမ်းလိုအပ်ချက်များသည် သတ်မှတ်လေကြောင်းလိုင်း၏ ရွေးချယ်ပိုင်ခွင့်တွင်ရှိရမည်ဟု ဆိုရာ၌ ၎င်း၏ကိုယ်ပိုင်ပုဂ္ဂိုလ်များ သို့မဟုတ် အခြားအဖွဲ့အစည်း၊ သဘောတူစာချုပ်ဝင်အခြားနိုင်ငံ၏ နယ်နမိတ်အတွင်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ထိုသဘောတူစာချုပ်ဝင်နိုင်ငံ၏ နယ်နမိတ်အတွင်းတွင် ဤသို့ ဝန်ဆောင်မှုများကို ပေးရန် ခွင့်ပြုခံထားရသည့် ကုမ္ပဏီ သို့မဟုတ် လေကြောင်းလိုင်းများ၏ ဝန်ဆောင်မှုများကို အသုံးပြု၍ ဖြည့်တင်းရမည်။

၃။ သဘောတူစာချုပ်ဝင်နိုင်ငံအသီးသီး၏ သတ်မှတ်လေကြောင်းလိုင်းသည် သက်ဆိုင်ရာ သဘောတူ စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သဘောတူစာချုပ်အဖွဲ့ ဝင်အခြားနိုင်ငံ၏ နယ်နမိတ်အတွင်းတွင် တိုက်ရိုက် သို့မဟုတ် သတ်မှတ်လေကြောင်းလိုင်းမှ ခန့်အပ်ထားသော ခွင့်ပြုခြင်းခံထားရသည့် ကိုယ်စားလှယ်များမှ တစ်ဆင့် လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်ရန် အခွင့်အရေးရှိရမည်။

## အပိုဒ် - ၁၆
## ဆေးလိပ်သောက်ခြင်းကို တားမြစ်ခြင်း

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများအကြား ယင်း၏လေကြောင်းလိုင်းများက ခရီးသည်တင်ဆောင်ပျံသန်းနေသည့် ပျံသန်းမှုအားလုံးတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ရမည် သို့မဟုတ် တားမြစ်ရန် ၎င်းတို့၏ လေကြောင်းလိုင်းများကို လှုံ့ဆော်ရမည်။ ဤသို့တားမြစ်ခြင်းသည် လေယာဉ်အတွင်းရှိ နေရာအားလုံးနှင့် သက်ဆိုင်မှုရှိပြီးလျှင် လေယာဉ်တစ်စီး၏ ခရီးသည်များ လေယာဉ်ပေါ်သို့ တက်ရောက်သည့်အချိန်မှစ၍ ခရီးသည်များ လေယာဉ်မှဆင်းသက်ခြင်း ပြီးဆုံးသည့်အချိန်ထိ အကျိုးသက်ရောက်မှု ရှိရမည်။

၂။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးသည် လိုက်နာမှုမရှိခြင်းအတွက် သင့်တော်သည့် ပြစ်ဒဏ်များ ချမှတ်ခြင်းအပါအဝင် ၎င်း၏ လေကြောင်းလိုင်းများနှင့် ယင်းတို့၏ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများက ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များအား လိုက်နာမှု မြဲမြံစေရန် သဘာဝကျကျ ယူဆထားသော အရေးယူဆောင်ရွက်မှုများအားလုံးကို ဆောင်ရွက်ရမည်။

## အပိုဒ် - ၁၇
## စာရင်းအင်းများ

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီး၏ လေကြောင်းအာဏာပိုင်အဖွဲ့များသည် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့သို့ သဘောတူစာချုပ်အဖွဲ့ဝင် ပထမနိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်း (များ) ပျံသန်းနေသည့် သဘောတူထားသည့် ခရီးစဉ်များတွင် သတ်မှတ်ထားသည့် တင်ဆောင်နိုင်ခွင့်ရှိသော ခရီးသည်အရေအတွက်နှင့် ကုန်စည်ပမာဏကို ပြန်လည်သုံးသပ်ရန်အလို့ငှာ အချိန်ကာလအလိုက် သို့မဟုတ် အခြားထုတ်ပြန်ချက်များဆိုင်ရာ စာရင်းဇယားများသည် ကျိုးကြောင်းခိုင်လုံစွာလိုအပ်ကြောင်း တောင်းခံလာသည့်အခါ ပေးအပ်ရမည် သို့မဟုတ် ထိုသို့ပေးအပ်ရန် ၎င်း၏ သတ်မှတ်လေကြောင်းလိုင်း သို့မဟုတ် သတ်မှတ်လေကြောင်းလိုင်းများအား တိုက်တွန်းရမည်။

## အပိုဒ် - ၁၈
## ခရီးစဉ်အစီအစဉ်များ ခွင့်ပြုခြင်း

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီးမှ သတ်မှတ်လေကြောင်းလိုင်းသည် ၎င်း၏ မျှော်မှန်းထားသော ပျံသန်းမှုအစီအစဉ်များကို ခွင့်ပြုချက်ရယူရန်အတွက် သဘောတူစာချုပ်ဝင် အခြားနိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့သို့ သဘောတူထားသည့် ခရီးစဉ်များကို ပျံသန်းရန် အနည်းဆုံး ရက် (၆၀) ကြိုတင်၍ တင်ပြရမည်။ အလားတူလုပ်ထုံးလုပ်နည်းများကို အဆိုပါ ကိစ္စရပ်များ၏ မည်သည့် ပြုပြင်ပြောင်းလဲမှုတွင်မဆို ကျင့်သုံးရမည်။

၂။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်းက သဘောတူ ထားသောခရီးစဉ်များတွင် ခွင့်ပြုထားသော အချိန်ဇယား (အစီအစဉ်) အပြင် အပိုပျံသန်းခြင်း များ (ခရီးစဉ်များ) ပျံသန်းလိုမှုအတွက် ထိုလေကြောင်းလိုင်းသည် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့ထံမှ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။ ဤတောင်းခံမှုများကို ဤခရီးစဉ်များ ပျံသန်းရန် အစဉ်အလာအရ အနည်းဆုံးအလုပ်ရက် (၁၄) ရက် ကြိုတင်၍ တင်ပြရမည်။

## အပိုဒ် -၁၉
## တိုင်ပင်ဆွေးနွေးခြင်း

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်ခုခုက မည်သည့်အချိန်တွင်မဆို ဤသဘောတူ စာချုပ်အား အဓိပ္ပါယ်ကောက်ယူခြင်း၊ ကျင့်သုံးခြင်း၊ အကောင်အထည်ဖော်ခြင်း သို့မဟုတ် ဤစာချုပ်ကို လိုက်နာခြင်းများအပေါ် တိုင်ပင်ဆွေးနွေးရန် တောင်းဆိုနိုင်သည်။

၂။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အခြားတနည်းနည်းဖြင့် သဘောတူမထားလျှင် ဤတိုင်ပင်ဆွေးနွေးခြင်းများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် သို့မဟုတ် စာအသွားအလာ ပြုလုပ် ခြင်းဖြင့် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံက တောင်းဆိုမှုတစ်ခုကို လက်ခံရရှိသည့် နေ့မှ စ၍ ရက် (၆၀) အတွင်း စတင်ရမည်။

## အပိုဒ် - ၂၀
## အငြင်းပွားမှုများကို ဖြေရှင်းခြင်း

၁။ ဤသဘောတူစာချုပ်အား အဓိပ္ပါယ်ကောက်ယူခြင်း သို့မဟုတ် ကျင့်သုံးခြင်းများနှင့် ပတ်သက်၍ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများအကြား အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက် သောအခါ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ပထမအဆင့်အနေဖြင့် တိုင်ပင်ဆွေးနွေး ခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းအား ဖြင့် ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းရန် ကြိုးပမ်းအားထုတ်ကြရမည်။

၂။ အကယ်၍ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ လေကြောင်းအာဏာပိုင်အဖွဲ့များသည် ထို အငြင်းပွားမှုကို ဖြေရှင်း၍မရလျှင် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ဤအငြင်းပွားမှု ကို သံတမန်လမ်းကြောင်းမှတဆင့် ဖြေရှင်းရမည်။

## အပိုဒ် - ၂၁
## ပြင်ဆင်ချက်များ

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်ခုခုက မည်သည့်အချိန်တွင်မဆို လက်ရှိစာချုပ် သို့မဟုတ် ယင်း၏ နောက်ဆက်တွဲများကို ပြင်ဆင်ရန်အလို့ငှာ သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန် တောင်းဆိုနိုင်သည်။ ဤတိုင်ပင်ဆွေးနွေးမှုကို ဤသို့တောင်းခံမှုကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ရက် (၆၀) ကာလအတွင်း စတင်ရမည်။ ဤတိုင်ပင်ဆွေးနွေးမှုများကို တွေ့ဆုံဆွေးနွေးခြင်း သို့မဟုတ် စာပေးစာယူ ပြုလုပ်ခြင်းတို့ဖြင့် ဆောင်ရွက်နိုင်သည်။

၂။ ပြင်ဆင်ချက် တစ်စုံတစ်ရာသည် သံတမန်စာ အလဲအလှယ်ပြုလုပ်အတည်ပြုပြီးသော အခါ သက်ဝင်မှုရှိရမည်။

၃။ နောက်ဆက်တွဲအပေါ် မည်သည့်ပြင်ဆင်ချက်ကိုမဆို သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံများ၏ လေကြောင်းအာဏာပိုင်အဖွဲ့များအကြား သဘောတူညီချက်ကို စာရေးသား၍ ဆောင်ရွက်နိုင်ပြီးလျှင် သံတမန်စာအလဲအလှယ်ပြုလုပ် အတည်ပြုပြီးသောအခါ သက်ဝင်မှုရှိလာ ရမည်။

## အပိုဒ် - ၂၂
## အများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များ

အကယ်၍ သဘောတူစာချုပ်အဖွဲ့ဝင် နှစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော လေကြောင်း ပို့ဆောင်ရေးဆိုင်ရာ နိုင်ငံအစုတစ်စုနှင့်သက်ဆိုင်သည့် သဘောတူစာချုပ်တစ်ရပ် သက်ဝင်လာ သောအခါ ၎င်းနိုင်ငံအစုနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီ မှု ရှိစေရန် လိုအပ်သည်အထိ လက်ရှိသဘောတူစာချုပ်ကို ပြင်ဆင်ရမည်။

## အပိုဒ် - ၂၃
## ရပ်စဲခြင်း

သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်ခုခုသည် မည်သည့်အချိန်တွင်မဆို သဘောတူ စာချုပ်အဖွဲ့ဝင်အခြားတစ်နိုင်ငံသို့ ယင်း၏ ဤသဘောတူစာချုပ်ကို ရပ်စဲရန် ဆန္ဒရှိမှုကို သံတမန်လမ်းကြောင်းမှ တဆင့် စာရေးသား၍ အကြောင်းကြား သတိပေးနိုင်သည်။ ဤသတိ ပေးခြင်းကို အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့သို့ တပြိုင်တည်း အကြောင်းကြားရမည်။ ဤသဘောတူညီချက်စာချုပ်သည် သဘောတူစာချုပ်အဖွဲ့ဝင် အခြားတစ်နိုင်ငံမှ သတိပေး ခြင်းကို လက်ခံရရှိသောနေ့မှ (၁၂) လ ကြာပြီးနောက် ဤအချိန်ကာလ မကုန်ဆုံးမီ သဘောတူ ညီချက်ဖြင့် သတိပေးခြင်းကို ရုပ်သိမ်းခြင်း မပြုလုပ်လျှင် ရပ်စဲရမည်။ သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံမှ လက်ခံရရှိခြင်းကို အသိအမှတ်ပြုမှု (တုန့်ပြန် ပြန်ကြားခြင်းပြုမှု) ပျက်ကွက်ခဲ့လျှင် သတိပေးခြင်းကို အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့မှ လက်ခံရရှိပြီး (၁၄) ရက် အကြာ တွင် သတိပေးခြင်းကို လက်ခံရသည်ဟု မှတ်ယူရမည်။

## အပိုဒ် - ၂၄
## အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့တွင် မှတ်ပုံတင်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဤသဘောတူစာချုပ်နှင့် ၎င်းကိုပြင်ဆင်သည့် မည်သည့်ပြင်ဆင်ချက်များကို မဆို အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့တွင် မှတ်ပုံတင်ထားရမည်။

## အပိုဒ် - ၂၅
## စာချုပ်အတည်ဖြစ်ခြင်း


ဤသဘောတူစာချုပ်သည် လက်မှတ်ရေးထိုးသည့်နေ့တွင် အတည်ဖြစ်ရမည်ဖြစ်ပြီးလျှင် နှစ်နိုင်ငံအစိုးရများအကြား ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်ကို လွှမ်းမိုးစေရမည်။

ဤသဘောတူစာချုပ်ကို ချုပ်ဆိုကြောင်း သက်သေအဖြစ်ဖြင့် အောက်တွင် လက်မှတ်ရေးထိုးကြသူများသည် သက်ဆိုင်ရာမိမိတို့ အစိုးရအသီးသီးက မိမိတို့အား နည်းလမ်းတကျ အာဏာအပ်နှင်းထားသည့် အားလျော်စွာ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

ပေကျင်းမြို့၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ **၁၄** ရက်နေ့တွင် တရုတ်ဘာသာ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာများဖြင့် ပြုလုပ်၍ လက်မှတ်ရေးထိုးကြပါသည်။

ရှေ့နောက်ညီညွတ်မှု မရှိခြင်း တစ်စုံတစ်ရာဖြစ်ပေါ်သောအခါ အင်္ဂလိပ်ဘာသာစာမူသည် လွှမ်းမိုး၍ အတည်ဖြစ်စေရမည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအတွက်



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအတွက်



**နောက်ဆက်တွဲ**

## ခရီးစဉ်ဇယားများ

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်း (များ) အသွားအပြန် ပျံသန်းနိုင်သည့် ခရီးစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| ခရီးစထွက်ရာ စခန်းမြို့များ | ကြားစခန်းမြို့များ | ခရီးဆုံးစခန်းမြို့များ | ကျော်လွန်စခန်းမြို့များ |
|---|---|---|---|
| တရုတ်နိုင်ငံရှိ စခန်းမြို့များ | မည်သည့် စခန်းမြို့မဆို | မြန်မာနိုင်ငံရှိ စခန်းမြို့များ | မည်သည့် စခန်းမြို့မဆို |

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ သတ်မှတ်လေကြောင်းလိုင်း (များ) အသွားအပြန် ပျံသန်းနိုင်သည့် ခရီးစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| ခရီးစထွက်ရာ စခန်းမြို့များ | ကြားစခန်းမြို့များ | ခရီးဆုံးစခန်းမြို့များ | ကျော်လွန်စခန်းမြို့များ |
|---|---|---|---|
| မြန်မာနိုင်ငံရှိ စခန်းမြို့များ | မည်သည့် စခန်းမြို့မဆို | တရုတ်နိုင်ငံရှိ စခန်းမြို့များ | မည်သည့် စခန်းမြို့မဆို |

**မှတ်ချက်များ**

၁။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ သတ်မှတ်လေကြောင်းလိုင်း (များ) သည် အထက်ဖော်ပြထားသော ခရီးစဉ်များတွင်ရှိ မည်သည့်စခန်းမြို့တွင် မဆို ပျံသန်းမှုတစ်ခုခုတွင် သို့မဟုတ် ပျံသန်းမှုအားလုံးတွင် ဆင်းသက်မှု မပြုလုပ်ဘဲ ပျံသန်းနိုင်ပြီးလျှင် ထိုခရီးစဉ်များကို နှစ်သက်ရာအစီအစဉ်အတိုင်း ပျံသန်းနိုင်သည်ဟု ဆိုရာတွင် သဘောတူညီထားသည့် ပျံသန်းမှုသည် သတ်မှတ်လေကြောင်းလိုင်းကို သတ်မှတ်သော သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ နယ်နမိတ်အတွင်း စတင်၍ ထိုနယ်နမိတ်တွင် ခရီးဆုံးရမည်။

၂။ သဘောတူစာချုပ်အဖွဲ့ဝင် နှစ်နိုင်ငံလုံး၏ သတ်မှတ်လေကြောင်းလိုင်းများသည် အထက်ဖေါ်ပြပါ ခရီးစဉ်များတွင် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံရှိ စခန်းမြို့များနှင့် တတိယနိုင်ငံတစ်နိုင်ငံရှိ ကြားစခန်းမြို့ (သို့မဟုတ်) ကျော်လွန်စခန်းမြို့များအကြား ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ပျံသန်းနိုင်ခွင့်ကို သဘောတူစာချုပ်အဖွဲ့ဝင် နှစ်နိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့များက သဘောတူရမည်။

၃။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအသီးသီး၏ သတ်မှတ်လေကြောင်းလိုင်းများသည် သဘောတူစာချုပ်အဖွဲ့ဝင် အခြားနိုင်ငံရှိ စခန်းမြို့များနှင့် တတိယနိုင်ငံရှိ ကြိုက်နှစ်သက်ရာ ကြားစခန်းမြို့ (၅) မြို့နှင့် ကြိုက်နှစ်သက်ရာ ကျော်လွန်စခန်းမြို့ (၅) မြို့တို့အကြား ခရီးသည်နှင့် ကုန်စည်တင်ဆောင်ပျံသန်းနိုင်ခွင့်ကို အပြည့်အဝခံစားနိုင်ခွင့်ရှိရမည်။ ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ် နှစ်နိုင်ငံ လေကြောင်းအာဏာပိုင်အဖွဲ့များက နောက်ထပ်ကြားစခန်းမြို့ (၁) မြို့နှင့် ကျော်လွန်စခန်းမြို့ (၁) မြို့စီ ဖြည့်စွက်သွားရန်ကို လည်း သဘောတူကြသည်။